## Burmese Democratic Futures Working Group – BDFWG

## University of Virginia

## Myanmar Weekly Conflict Update (January 8 - 14, 2025)

## ဇန်နဝါရီလ ဒုတိယပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဇန်နဝါရီလ ဒုတိယပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်း နှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၈၈ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁ ပါး၊ ကလေး ၂ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၅၀ ဦး သေဆုံးခဲ့ပါသည်။ ကချင်ပြည်နယ် တွင် ၂၆ ဦး၊ မန္တလေးတိုင်းတွင် ၄ ဦး၊ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်တောင် ပိုင်းတို့တွင် ၂ ဦးစီ၊ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၆ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၇၁ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၉၃၆ လုံး မီးလောင်ပျက်စီးခဲ့ ပါသည်။

- ရခိုင်ပြည်နယ်တွင် နေအိမ် ၅၀၀ လုံး၊ မန္တလေးတိုင်းတွင် နေအိမ် ၄၀၀ လုံးနှင့် မကွေးတိုင်းတွင် နေအိမ် အလုံး၃၆ တို့ ဖြစ်ကြပါသည်။

## ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၇ ခုတွင် ဇန်နဝါရီလ ဒုတိယပတ်အတွင်း အရပ်သားပြည်သူ ၁၁၇ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် ၃၉ ဦး၊ မကွေးတိုင်းတွင် ၂၅ ဦး၊ ဧရာဝတီတိုင်းတွင် ၁၇ ဦး၊ ပဲခူးတိုင်းတွင် ၁၆ ဦး၊ မန္တလေးတိုင်းတွင် ၁၂ ဦး၊ ရန်ကုန်တိုင်းတွင် ၇ ဦးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၁၀ ခုတွင် ဇန်နဝါရီလ ဒုတိယပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၄၇ ကြိမ်ပြုလုပ်ခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၁၂ ကြိမ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆ ကြိမ်စီ၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၅ ကြိမ်စီ၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၄ ကြိမ်စီ၊ မကွေးတိုင်းတွင် ၃ ကြိမ်၊ ပဲခူးတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

# ဇန်နဝါရီလ ဒုတိယပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၆၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ပဲခူးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၁ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၇ ကြိမ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ၆ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၅ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၄ ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၃ ကြိမ်စီ၊ ဧရာဝတီတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ၂ ကြိမ်စီ၊ ကရင်နီပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇန်နဝါရီလ ဒုတိယပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၅၂၅ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ၈ ဦး ကျဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇန်နဝါရီ ၉ ရက်တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ မကျီးဇင်ကျေးရွာရဲစခန်းကို အာရက္ခတပ်တော် (AA) နှင့် ပူးပေါင်းတပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

- ဇန်နဝါရီ ၇ ရက်တွင် ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်၊ တောင်ပုံကြီး စစ်တပ်စခန်းကို AA နှင့် တော်လှန်ရေးတပ်များက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။


## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇန်နဝါရီ ၈ ရက်တွင် ကချင်ပြည်နယ်၊ မံစီမြို့နယ်ရှိ စစ်ကောင်စီ၏ ခမရ ၃၁၉၊ ခမရ ၆၀၁ နှင့် အမြောက်တပ် ၃၅၂ တို့ကို KIA က တိုက်ခိုက်သိမ်းပိုက်လိုက်သည်။


## KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ လုပ္ပွန်းပျိုကျေးရွာထဲမှာ အခြေစိုက်တပ်စွဲထားတဲ့ စစ်ကောင်စီတပ်စခန်းကို KNLA ပူးပေါင်း တပ်ဖွဲ့တွေက ဇန်နဝါရီ ၇ ရက်မှာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

**ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 08-14, January 2025 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| States | Clashes between SAC and PDF/EAOs | Air Strike | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Houses burned down |
| AYEYARWADY | 2 | 4 | | | | 2 | 17 | |
| BAGO | 13 | 1 | 8 | | | 1 | 16 | |
| CHIN | | 1 | | | | | | |
| KACHIN | 6 | 6 | 180 | | | 26 | | |
| KARENNI | 1 | | 10 | | 2 | | | |
| KAYIN | 2 | | 3 | | | | | |
| MAGWAY | 6 | 3 | 7 | 1 | | 1 | 25 | 36 |
| MANDALAY | 11 | 12 | 68 | | | 4 | 12 | 400 |
| MON | 5 | | 78 | | | | | |
| RAKHINE | | 5 | | | | 50 | | 500 |
| SAGAING | 7 | | 37 | 1 | | | 39 | |
| SHAN ( N ) | 4 | 4 | 60 | | | | | |
| SHAN ( S ) | 3 | 6 | 60 | 6 | | 2 | 1 | |
| TANINTHARYI | 3 | 5 | 14 | | | | | |
| YANGON | | | | | | | 7 | |
| **TOTAL** | **63** | **47** | **525** | **8** | **2** | **86** | **117** | **936** |


Map of Myanmar Conflict ( January 08-14, 2025 )
N
NW
NE
W
E
SW
SE
S
INDIA
CHINA
BANGLADESH
Sittwe
LAOS
Bay of Bengal
Mawlamyine
THAILAND
Andaman Sea
Dawei

## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

စစ်ကောင်စီထောက်တိုင် ဆက်သွယ်ရေး Mytel ကုမ္ပဏီကို အမေရိကန်နိုင်ငံက ဒဏ်ခတ်ပိတ်ဆို့အရေးယူလိုက်တယ်လို့ ဇန်နဝါရီ ၆ ရက်က အမေရိကန် ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်ပါတယ်။

စစ်ကောင်စီကျင်းပမည့် ရွေးကောက်ပွဲတွင် သတ်မှတ်မဲရုံတွေအလိုက် မဲစာရင်းပြုစုနိုင်ရေးနဲ့ အိမ်ထောင်စုအမှတ်စဉ်တွေ ဖြည့်သွင်းနိုင်ရေးအတွက် ပြင်ဆင်နေကြောင်း စစ်ကောင်စီ ထိန်းချုပ်ထားတဲ့ သတင်းစာတွေမှာ ဇန်နဝါရီ ၉ ရက်က ဖော်ပြခဲ့ပါတယ်။

ဇန်နဝါရီ ၉ ရက်က နေပြည်တော်တွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးနှင့် စစ်ကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ တွေ့ဆုံပြီး ကာကွယ်ရေးကဏ္ဍပူးပေါင်းမှု မြှင့်တင်ရေးအပါအဝင် နှစ်နိုင်ငံကြား ဆက်ဆံရေးတွေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။

**ကိုးကား - The Irrawaddy, Ayeyarwaddy Times, ThanLwin Myanmar, Mizzima, Myanmar Now, Myanmar Pressphoto Agency, Khit Thit Media, Narinjara, DVB, BBC, MeKong News, ThanLwin Times, PVTV, RFA, Khonumthung Burmese.**